# တရားစီရင်ရေးဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၂/၈၈ )

၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

( ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်

၁။ ဤဥပဒေကို **တရားစီရင်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

## အခန်း (၂)

## တရားစီရင်ရေးဆိုင်ရာမူများ

၂။ တရားစီရင်ရာတွင် အောက်ပါမူများအပေါ် အခြေခံ၍ စီရင်ရမည် -

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ခြင်း၊

(ခ) ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတည်ဆောက်ရာတွင် အထောက်အကူဖြစ်စေခြင်း၊

(ဂ) ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးခြင်းနှင့် ပြည်သူများက ဥပဒေကို လိုက်နာသောအလေ့အကျင့် ပျိုးထောင်ပေးခြင်း၊

(ဃ) အမှုကိစ္စများကို ဥပဒေခွင့်ပြုချက်ဘောင်အတွင်း၌ ဥပဒေနှင့်အညီ ကျေအေးပြီးပြတ်စေရန် ဆောင်ရွက်ခြင်း၊

(င) ဥပဒေအရ တားမြစ်ထားချက်မှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ခြင်း၊

(စ) အမှုတွင် ခုခံချေပခွင့်နှင့် ဥပဒေအရ အယူခံပိုင်ခွင့်ပေးခြင်း၊

(ဆ) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တ ပြုပြင်မှုကို ဦးတည်ခြင်း။

## အခန်း(၃)
## တရားရုံးချုပ်ဖွဲ့စည်းခြင်း

၃။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် တရားရုံးချုပ်ကို တရားသူကြီးချုပ်တစ်ဦးနှင့် ငါးဦးထက်မပိုသော တရားသူကြီးများဖြင့် ဖွဲ့စည်းရမည်။

## အခန်း(၄)
## တရားရုံးချုပ်၏ စီရင်ပိုင်ခွင့်အာဏာများ

၄။ တရားရုံးချုပ်၏ စီရင်ပိုင်ခွင့်အာဏာများသည် အောက်ပါအတိုင်းဖြစ်သည် -

(က) ပြစ်မှုဆိုင်ရာ မူလမှု၊ တရားမ မူလမှုကို စီရင်ခြင်း၊

(ခ) မိမိ၏ ဆုံးဖြတ်ချက်အရ လွှဲပြောင်းရယူသော အမှုကို စီရင်ခြင်း၊

(ဂ) ပြည်နယ် သို့မဟုတ် တိုင်းအတွင်းရှိ တရားရုံးတစ်ရုံးရုံးမှ အခြားပြည်နယ် သို့မဟုတ် တိုင်းအတွင်းရှိ တရားရုံး တစ်ရုံးရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်ခြင်း၊

(ဃ) ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးက ချမှတ်သော စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်အပေါ် အယူခံမှုကို စီရင်ခြင်း၊

(င) တရားရုံး တစ်ရုံးရုံးက ချမှတ်သော စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှုကို စီရင်ခြင်း၊

(စ) ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးက ချမှတ်သော သေဒဏ်အမိန့်ကို အတည်ပြုခြင်း၊ သေဒဏ်အမိန့်အပေါ် အယူခံမှုကို စီရင်ခြင်း၊

(ဆ) တရားရုံး တစ်ရုံးရုံး၏ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်တစ်ရပ်ရပ်အပေါ် စစ်ဆေးစီရင်၍ လိုအပ်သလို ပြင်ဆင်၊ ပယ်ဖျက်ခြင်း၊

(ဇ) နိုင်ငံသားတစ်ဦးဦး၏ ဥပဒေနှင့်အညီ ရရှိထိုက်သည့် အခွင့်အရေးနှင့် သက်ဆိုင်သည့် ဥပဒေနှင့်ညီညွတ်ခြင်း မရှိသောအမိန့်၊ ဆုံးဖြတ်ချက် တစ်ရပ်ရပ်အပေါ် စစ်ဆေးစီရင်၍ လိုအပ်သလို ပြင်ဆင်၊ ပယ်ဖျက်ခြင်း၊

(ဈ) ပင်လယ်ရေကြောင်းအမှုကို စီရင်ခြင်း၊

(ည) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စီရင်ပိုင်ခွင့်ရှိသော အမှုများကို စီရင်ခြင်း။

## အခန်း (၅)
## တရားရုံးချုပ်၏ လုပ်ပိုင်ခွင့်များ

၅။ တရားရုံးချုပ်သည် တရားရုံးအသီးသီးကို ကြီးကြပ်ကွပ်ကဲရမည်။

၆။ တရားရုံးချုပ် တရားသူကြီးတစ်ဦးဦးဖြင့် ဖြစ်စေ၊ ခုံရုံးဖြင့်ဖြစ်စေ စီရင်ထားသော မည်သည့်အမှုကိုမဆို လိုအပ်ပါက တရားရုံးချုပ် လက်ရှိအဖွဲ့ဝင်အားလုံးပါဝင်သော စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်သည်။

၇။ တရားရုံးချုပ်သည် မိမိစီရင်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် တရားသူကြီးချုပ်က သတ်မှတ်ပေးသည့်အတိုင်း တရားသူကြီး တစ်ဦးဖြင့်ဖြစ်စေ၊ တစ်ဦးထက်ပိုသော ခုံရုံးဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

၈။ တရားရုံးချုပ်သည် ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးတွင်လည်းကောင်း၊ မြို့နယ်တရားရုံးတွင်လည်းကောင်း အမှုများကို တရားသူကြီး တစ်ဦးထက်ပိုသော ခုံရုံးဖြင့် စစ်ဆေးစီရင်ရန် ညွှန်ကြားနိုင်သည်။

၉။ တရားရုံးချုပ်သည် ပြည်နယ် သို့မဟုတ် တိုင်းတရားရုံး၊ မြို့နယ်တရားရုံးများက ပြစ်မှုဆိုင်ရာ အမှုများနှင့် တရားမမှုများကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်များကို သင့်တော်သလို သတ်မှတ်ပေးရမည်။

## အခန်း (၆)
## ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးများနှင့် မြို့နယ်တရားရုံးများကို ဖွဲ့စည်းခြင်း

၁၀။ တရားရုံးချုပ်သည် ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးများနှင့် မြို့နယ်တရားရုံးများကို ဖွဲ့စည်းရမည်။

၁၁။ တရားရုံးချုပ်သည် ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးများ၊ မြို့နယ်တရားရုံးများတွင် တရားသူကြီးအဖြစ် ဆောင်ရွက်ရန် တရားရေးဝန်ထမ်းများအား ခန့်အပ်၍ သင့်တော်သော တရားစီရင်ပိုင်ခွင့် အာဏာအရပ်ရပ်ကို အပ်နှင်းခြင်း၊ တာဝန်ဝတ္တရားများ သတ်မှတ်ပေးခြင်း ပြုလုပ်ရမည်။

## အခန်း (၇)

## တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ

၁၂။ ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးနှင့် မြို့နယ်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများသည် အောက်ပါအတိုင်းဖြစ်သည် -

(က) တရားမ မူလမှုများကို စီရင်ခြင်း၊

(ခ) ပြစ်မှုဆိုင်ရာ မူလမှုများကို စီရင်ခြင်း၊

(ဂ) ဥပဒေ တစ်ရပ်ရပ်အရ စီရင်ခြင်း။

၁၃။ ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးသည် မြို့နယ်တရားရုံးက ချမှတ်သော စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက် တစ်ရပ်ရပ်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကို စီရင်နိုင်သည်။

၁၄။ ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးသည် ပြည်နယ်၊ တိုင်း အတွင်းရှိ မြို့နယ်တရားရုံး တစ်ရုံးရုံးမှ ယင်းပြည်နယ်၊ တိုင်းအတွင်းရှိ အခြားတရားရုံးတစ်ရုံးရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်နိုင်သည်။

၁၅။ ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးသည် မိမိစီရင်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် တရားရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ပြည်နယ် သို့မဟုတ် တိုင်းတရားသူကြီးက သတ်မှတ်ပေးသည့်အတိုင်း တရားသူကြီးတစ်ဦးဖြင့်ဖြစ်စေ၊ တစ်ဦးထက်ပိုသော ခုံရုံးဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

၁၆။ မြို့နယ်တရားရုံးသည် မိမိစီရင်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် တရားရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ မြို့နယ်တရားသူကြီးက သတ်မှတ်ပေးသည့်အတိုင်း တရားသူကြီးတစ်ဦးဖြင့်ဖြစ်စေ၊ တစ်ဦးထက်ပိုသော ခုံရုံးဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

## အခန်း (၈)

## အထွေထွေ

၁၇။ တရားသူကြီးများသည် သက်ဆိုင်ရာတရားရုံးများရှိ မပြီးပြတ်သေးသော အမှုများကို ဆက်လက်စစ်ဆေးဆုံးဖြတ်ရမည်။

၁၈။ တရားရုံးချုပ်တရားသူကြီး၊ ပြည်နယ် သို့မဟုတ် တိုင်းတရားသူကြီးသည် အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများတွင် အပြစ်ကျများနှင့် အချုပ်ခံနေရသူများကို မှုခင်းများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရေး၊ အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးအတွက် လိုအပ်သလို စစ်ဆေးကြည့်ရှုနိုင်သည်။

၁၉။ တရားရုံးချုပ်သည် တရားရုံးချုပ်နှင့် တရားရုံးအသီးသီးအတွက် လိုအပ်သော ဝန်ထမ်းအဖွဲ့အစည်းကို ဖွဲ့စည်းနိုင်သည်။

၂၀။ တရားရုံးချုပ်သည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများကို ထုတ်ပြန်နိုင်သည်။

၂၁။ ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။